ကျီးလူးကျေးရွာ
မင်းလှမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၂ - ၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ကျီးလူးကျေးရွာ၊ မင်းလှမြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ

မာတိကာ


မာတိကာ ၁

စကားချီး ၄

ကျီးလူးကျေးရွာသယံဇာတပြမြေပုံ၊ မင်းလှမြို့နယ် ၇

ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ် ၈

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၈

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၀

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျား-မ ရေးရာကိစ္စဆိုင်ရာ

(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများ ၁၂

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦ- လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၈

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၂၀

(၇) ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့် ကိစ္စများ ၂၁

(၈) ဦးစားပေးစီမံချက်များနှင့်အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ ၂၂

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

(ဂ) ဦးစားပေး စီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၈

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၉

(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၃၀

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ ၃၃

(၁) လူမှုစီးပွားရေး အခြေအနေ

ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ၂ လုပ်သား အင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား ၄ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား ၆ ဥစ္စာဓနအဆင့်အခြေအနေ

ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ

ဇယား ၈ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

(၂) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား ၁၃ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား ၁၄ ကျေးရွာ၏ ရေရင်းမြစ်နှင့် ရေသွင်းဧရိယာ
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့်အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော ၁၂ လ အတွင်း ကာကွယ်ဆေး ထိုးနှံမှု
ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေ ရရှိနိုင်မှု
ဇယား ၃၈ အိမ်သာ အမျိုးအစား
ဇယား ၃၉ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား ၄၈ မူခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၇၈
ဇယား ၄၉ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ဇယား ၅၀ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

နောက်ဆက်တွဲ (၃)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာဆန်းစစ်ခြင်းမှ ဖြေရှင်းနည်းအထိ)၈၂

ကိုးကားစာရင်း ၈၂

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၂/၂၃ ဘဏ္ဍာရေးနှစ်မှ ၂၀၂၆/၂၇ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်းပါဝင် ရေးဆွဲထားသည့်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦး အနေဖြင့်စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုး ရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေ သဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံ ဉာဏ်များကို တက်တက် ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန် ထမ်းများ ကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက် ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်း ပါဝင်ဆောင်ရွက် သည့်နည်းလမ်း များနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင် ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုး ပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှု ကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက် အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လို အပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက် လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင် အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ် ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အဓိကအားဖြင့် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ် တို့ပါဝင်ပြီး အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေး ဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။

ဒီဇင်ဘာလ၊ ၂၀၂၂

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ကျီးလူးကျေးရွာ
မင်းလှမြို့နယ်

## ကျီးလူးကျေးရွာသယံဇာတပြမြေပုံ၊ မင်းလှမြို့နယ်



ပင်ကိုစရိုက်ပုံသဏ္ဌာန်ပြဇယား (အမျိုးသား + အမျိုးသမီး)





# ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

**၁။ နိဒါန်း**

**(က) ရည်ရွယ်ချက်**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းသည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင် ရွက်ခဲ့ပြီးသောဖွံ့ဖြိုး ရေးလုပ်ငန်းအတွေ့ အကြုံများကို လေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်အထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏

ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကိုနိုင်ငံတော်၏အကူအညီဖြင့်ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေး ဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းအကောင် အထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေ ရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့ အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလ အပြီးတွင်ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊စီမံချက် များကိုရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများ နှင့်ငွေကြေး ရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်း များ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့်ပ တ်သက်သူမှန်သမျှတို့သည်ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

အစိုးရနှင့် အခြားအဖွဲ့အစည်းများအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အား ထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုး ရေးဆိုင်ရာအကူ အညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံကိန်းကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်း အဆင့်၊ ပြည်ထောင်စုအဆင့်အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။ ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမို သိရှိ လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်ုပ်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်ုပ်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ(ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းများကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများပြုလာနိုင်ပါမည်။

### (ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့်လုပ်ငန်းများကို လူထုကိုယ်တိုင်ပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက် ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အ ထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံးဖြည့် ဆည်းနိုင်မည့် စီမံချက်များကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင် ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## ၂။ ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

### (က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျီးလူးကျေးရွာသည် ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့၏တောင်ဘက် (၁၀)မိုင်ခန့် အကွာတွင်ရှိသည်။ မြေပြန့်ဒေသဖြစ်ပြီး စိုက်ပျိုးရေးဖြင့် အသက်မွေးကြသည်။ မိုးစပါး၊ နွေစပါး၊အဓိက စိုက်ပျိုးပါသည်။ မိုးရေချိန် ၈၀ မှ ၁၀၀ လက်မဝန်းကျင် ရွာသွန်းသဖြင့်

စိုက်ပျိုးရေးအတွက် အထောက်အကူဖြစ်စေ သည်။ကျေးရွာမှာ မြစ်ချောင်းများမရှိပဲ မြေပြင်အနေအထားမှာ မြေပြန့်ဖြစ်သည်။လယ်ယာ မြေများသည် စပါး၊ ပဲ၊ နှမ်းသီးနှံများ စိုက်ပျိုးထုတ်လုပ်ရန်နှင့် အသက်မွေးဝမ်းကျောင်းရန် တို့အတွက် အဓိက အားထားရာ ဖြစ်သည်။

**(ခ) သဘာဝအရင်းအမြစ်များ**

လယ်ယာမြေ ၄၂၀.၆၅ ဧကခန့်ရှိပြီး မြေဆီသြဇာ သင့်တင့်ကောင်းမွန်ပါသည်။

**၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**

**(က) လူဦးရေဆိုင်ရာအချက်အလက်များ**

အိမ်ထောင်စုပေါင်း (၇၉) စုနှင့်ကျား(၈၂၃)၊ မ(၁၀၀၃)ဦးဖြင့်လူဦးရေပေါင်း (၁၈၂၆)ဦး ရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၃.၆)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း ၅ ဦးထက် လျော့နည်းသည်။ကျေးရွာတွင် ဗမာလူမျိုးများနေထိုင်ကြပြီး အလုပ်လုပ်နိုင သောအရွယ် သည် ကျေးရွာရှိလူဦးရေပေါင်း၏ ၆၀%ခန့်ရှိသဖြင့် လူသားအရင်းအမြစ်ကောင်းတစ်ရပ်ဖြစ်ကာ လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွားရေးတိုးတက်အောင် စွမ်းဆောင်နိုင်သည်။

**(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု**

စိုက်ပျိုးရေးသည် အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်ပြီး ဆင်းရဲချမ်းသာအဆင့် သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ ၃၀% သည် ဆင်းရဲနှင့်အလွန်ဆင်းရဲသည့် အိမ်ထောင်စု များဖြစ်ကြပြီး ၄၀% သည် ချမ်းသာသည့်အဆင့်၊ ၃၀% သည် အလယ်အလတ်အဆင့် ရှိကြ သည်ဟု သတ်မှတ်ကြသည်။ ကျေးရွာတွင် လယ်ယာမြေနှင့်၊ လယ်ယာသုံး စက်ကိရိယာများ ပိုင်ဆိုင်မှု၊ ဆည်ရေသွင်း စိုက်ပျိုးနိုင်မှု တို့သည် စီးပွားရေးကို အထောက်အကူဖြစ်စေ ပါသည်။ ချမ်းသာ သောလယ်သမား အိမ်ထောင်စုများအပြင် အခြားလယ်သမားအိမ်ထောင်စုအချို့မှာလည်း လက် သမား၊ ပန်းရံ၊ ဈေးရောင်း၊ တောထွက်ဟင်းသီးဟင်းရွက်များ ရှာဖွေခြင်းစသော အသက် မွေးမှုလုပ်ငန်းများကိုလည်း လုပ်ကိုင်ဆောင်ရွက်ကြသည်။ ငွေချေးသော အိမ်ထောင်စုအချို့နှင့် အစိုးရဝန်ထမ်းအချို့ လည်း ငွေရေးကြေးရေး အသင့်အတင့် အဆင်ပြေကြသည်။

ယင်းတို့အနက် ဆင်းရဲအဆင့်သည် ကျေးရွာတွင် အများဆုံးဖြစ်ပြီး မြေယာ အနည်းငယ် ပိုင်သော လယ်သမားများ၊ လက်လုပ်လက်စား၊ ဆောက်လုပ်ရေးလုပ်ငန်းခွင် လုပ်သားများနှင့် မြေယာမဲ့ အိမ်ထောင်စုများ ပါဝင်သည်။ ကျေးရွာတွင် မြေယာမဲ့ အိမ်ထောင်စုအရေအတွက် မြင့်မား ပြီး (၃၀%) ထိရှိကာ ဆင်းရဲ၊ အလွန်ဆင်းရဲအဆင့်ရှိ အိမ်ထောင်စုများ ဖြစ်ကြသည်။

**(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု**

ကျေးရွာတွင်မြေယာမဲ့အိမ်ထောင်စုများပြားသော်လည်း ရာသီအလိုက် လယ်ယာလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ လက်လီ၊ ခေါင်းရွက်ဗျက်ထိုးလုပ်ငန်းများ၊ တစ်နိုင်တစ်ပိုင် မွေးမြူရေး

လုပ်ငန်းများ၊ မြို့အနီးရှိ စက်ရုံအလုပ်ရုံများတွင် အလုပ်အကိုင်ရှာဖွေရရှိနိုင်ကြသည်။ ကျေးရွာမှ ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စုများ၏ ၃၀% စီဖြစ်သော (၄၅)စုကို လေ့လာဆန်းစစ်မှုအရ ယင်းတို့၏ ၃၈%မှာ သူတပါးထံမှ မချေးမငှားပဲ သုံးလခန့်စား သုံးနိုင်ကြကြောင်း၊ ၄၀%မှာ ၃ လမှ ၅ လခန့်၊ ၃၀%မှာ ၆ လမှ ၁၂ လခန့် သူတပါးထံမှ ချေးငှားစရာမလိုပဲ နပ်မှန်စားသုံးနိုင်ကြကြောင်း တွေ့ရှိရသည်။အကြွေးတင်ရှိမှုတွင် တွေ့ဆုံခဲ့သော အိမ်ထောင်စုအားလုံးသည် အကြွေးငွေ တစ်သိန်းကျပ်မှ တစ်ဆယ်သိန်းကျပ်ထိ တင်ရှိနေကြသည်။

ကျေးရွာတွင် ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများမရှိကြပေ။ အများစုသည် ဆွေမျိုးတော်စပ်ကြသောကြောင့် အရေးပေါ်ကိစ္စရပ်များတွင် တစ်ဦးနှင့်တစ်ဦး ဝိုင်းဝန်းကူညီကြပါသည်။

ကျေးရွာပြင်ပသို့သွားရောက်ပြီး ဝင်ငွေရရှိရေးအတွက် အလုပ်သွားရောက် လုပ်ကိုင်ကြသည့် လူငယ်လူရွယ်များသည် လိင်မှတဆင့်ကူးစက်တတ်သည့် ရောဂါများ၊ အရက်နှင့် မူးယစ်ဆေးဝါးသုံးစွဲမှုအန္တရာယ်တို့ ရှိတတ်ကြသည်။

### (ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ရွာသားအများစုသည်သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှု ရှိကြသည်။ ကလေးငယ်အများစုလည်း ကျန်းမာကြသည်။ ဖျားနာရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါတို့မှာ မိုးတွင်းကာလတွင် ပိုမိုဖြစ်ပွားမှုရှိကြောင်း တွေ့ရသည်။ အများအားဖြင့် ကျန်းမာရေးအသိအမြင်များ ရှိကြပြီး လူဦးရေအနည်းငယ်သာ တစ်ကိုယ်ရည်သန့်ရှင်း ရေးအတွက် အသိအမြင်များ လိုအပ်နေပါသည်။ ကျေးရွာသူ/သားများအနေဖြင့် အခြေခံကျန်းမာရေးစောင့် ရှောက်မှုများကို ကျေးရွာမှ မိုင်အနည်းငယ်ကွာဝေးသော စစ်ကွင်းတိုက်နယ်ဆေးရုံသို့ သွားရောက် နိုင်ပြီး ရန်ကုန်-ပြည် ကားလမ်းနှင့် နီးသောကြောင့် မြို့နယ်ဆေးရုံ၊ ဆေးဆိုင်များနှင့်လည်း လက်လှမ်းမီသည်။

ကျေးရွာတွင် ရေတွင်းများ၊ လက်နှိပ်တုံ့ကင်၊ မော်တာသုံးတုံ့ကင်များ နှင့် ရေသန့်ဘူးများရှိခြင်းကြောင့် သောက်ရေသုံးရေကို အလွယ်တကူရနိုင်ကြပြီး ဝမ်းပျက်ဝမ်းလျှော၊ တိုက်ဖွိုက်၊ အစာအိမ်ရောင်စသောရောဂါဖြစ်ပွားမှုများ နည်းပါးကြောင်း တွေ့ရသည်။

### (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာသူ/သားအများစုသည်အခြေခံအရေး၊ အဖတ်၊ အတွက်တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရအရေအတွက် မှာ ယခင်ကထက် ပိုမိုများပြားလာပါသည်။ ကျေးရွာတွင် အခြေခံပညာရေးကို ကျေးရွာအနီးပတ်ဝန်းကျင်ရှိ အခြေခံပညာမူလတန်းလွန်ကျောင်းတွင် တက်ရောက် သင်ကြားနိုင်ကြသည်။ သို့သော် အသက်မွေးဝမ်းကျောင်းကျွမ်းကျင်မှုများမှာ အကန့်အသတ်များ ရှိနေဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းများ နည်းပါးနေဆဲဖြစ်ပါသည်။

**(စ) ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ**

ကျေးရွာတွင် ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာအနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျေးရွာတွင် ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြား ဆက်ဆံခြင်းကိစ္စများမတွေ့ရပါ။

ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့်ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ ပညာရေးနှင့် ဆိုင်သောကိန်းဂဏန်းများတွင် မူလတန်းအဆင့်၌ ယောက်ျားလေးအရေအတွက်သည် မိန်းကလေးအရေအတွက်ထက်များနေပြီး အလယ်တန်းနှင့်အထက်တန်းများတွင် ကျား-မအရေအတွက်မှာဆတူနီးပါးဖြစ်ပြီး တက္ကသိုလ်ပညာပြီးဆုံးသည့် အမျိုးသမီးများမှာ အမျိုးသား အရေအတွက်ထက်သုံးဆများနေပါသည်။ ထို့ကြောင့် အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာအခွင့်အရေးမှာအမျိုးသားများထက်များနေကြောင်း တွေ့ရပါသည်။ သို့သော် ကျေးရွာတွင် နေ့တွက်လုပ်အားခငွေများမှာ အမျိုးသားများက ပိုမိုရကြသည်။ ဥပမာအားဖြင့် လုပ်အားသဘာဝနှင့် အင်အားစိုက်ထုတ်ရမှု တူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားခ လျော့နည်းပြီး ရကြသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မူ အမျိုးသမီးပါဝင်မှုတို့မှာ အလွန်လျော့နည်းလျက်ရှိသည်။ ကျား-မ တန်းတူညီမျှမှုနှင့်ပတ်သက်၍ အသိပညာပေးခြင်း များမြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား-မတန်းတူညီမျှမှု၊ ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက် အပံ့ဖြစ်လာနိုင်ပါသည်။

**၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ**

**(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်**

ကျေးရွာသည် သာမန်အားဖြင့် ရပ်ရေးရွာရေးများတွင် စည်းလုံးညီညွတ်မှုရှိကာ ဝိုင်းဝန်းလုပ်ဆောင်သည့်အလေ့အထရှိသော်လည်း စနစ်တကျဖွဲ့စည်းလုပ်ဆောင်ရာတွင်မူ မကြာသေးမီကမြို့နယ်အုပ်ချုပ်ရေးက ဦးဆောင်ဖွဲ့ပေးထားသော ရာအိမ်မှူး၊ဆယ်အိမ်မှူးအဖွဲ့ တစ်ဖွဲ့သာ စနစ်တကျရှိသည်ဟု ဆိုနိုင်ပါသည်။ ဂေါပကအဖွဲ့သည် ဘာသာရေးအတွက် ဦးဆောင်ဦးရွက်ပြုရပြီး ရပ်မိရပ်ဖအဖွဲ့မှာ ကျေးရွာအပေါ်သြဇာညောင်းကာ အရေးပါသည့် ဆုံးဖြတ်ချက်များကို ချမှတ်သည့်အဖွဲ့ဖြစ်ပါသည်။ ကျောင်းအကျိုးတော်ဆောင်အဖွဲ့သည် ကျေးရွာပညာရေးအတွက် အဓိက လုပ်ဆောင်

ရသော်လည်း စနစ်ကျသည့်ဖွဲ့စည်းထားပုံမျိုးမရှိပါ။ ပညာရေးအတွက် ဆရာ၊မိ ဘတွေ့ဆုံပွဲကို မကြာသေးမီက စတင်လုပ်ဆောင်လာပြီး မိဘဆရာအသင်းဖွဲ့စည်းထားခြင်းမရှိပါ။ ကျန်းမာရေး အတွက် စုစည်းလုပ်ဆောင်မှု နည်းပါးပြီး တစ်မိသားစုချင်းအလိုက်သာ တုံ့ပြန်ဆောင် ရွက်လေ့ ရှိပါသည်။ စိုက်ပျိုးမွေးမြူရေးသမအဖွဲ့ကို မကြာသေးမီက ဖွဲ့စည်းထားကာ တစ်ရွာလုံးနီး ပါးအဖွဲ့ဝင်အဖြစ် ပါဝင်ထားကြပြီး သမဝါယမဦးစီးဌာနဖြင့် ချိတ်ဆက်ကာ ချေးငွေရရှိရေး လုပ်ဆောင်နိုင်မည်ဖြစ်ပါသည်။ ကျေးရွာကို ဦးစီးဦးဆောင်ပြုဆုံးဖြတ်ချက်ချမှတ်ရသည့် မည်သည့် အဖွဲ့တွင်မှ အမျိုးသမီးများကို ပါဝင်ဖွဲ့စည်းထားခြင်းမရှိသကဲ့သို့ အမျိုးသမီးများကလည်း ပါဝင်ဆုံးဖြတ် သည့်အလေ့အထနည်းပါးပါသည်။မကြာသေးခင်က ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းအ တွက် ကော်မတီများဖွဲ့စည်းရာတွင် အမျိုးသမီးများကို ထည့်သွင်းဖွဲ့စည်းထားပါသည်။

## (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် စပါး၊ မတ်ပဲ၊ နှမ်း နှင့် အခြားရာသီပေါ်သီးနှံများကို အဓိကထား စိုက်ပျိုးကြသည်။ လယ်မြေဧရိယာတွင် စပါး နှင့် မတ်ပဲကို စိုက်ပျိုးကြပြီး နွေရာသီတွင် မတ်ပဲတစ်မျိုးကိုသာ အဓိကထားစိုက်ပျိုးကြပါသည်။မိုးစပါးစိုက်ဧက (၄၄၅.၆၅)ရှိပြီး မိုးစပါးပျမ်း မျှအထွက်မှာ (၅၀)တင်း နှင့် အများဆုံး (၇၀)တင်း ၊ မတ်ပဲစိုက်ဧကမှာ (၄၄၅.၆၅)ဧက ခန့် စိုက်ပျိုး၍ ပျမ်းမျှအထွက်နှုန်းမှာ (၈)တင်း နှင့် အများဆုံး (၁၂)တင်း ထွက်ရှိပါသည်။

စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုများ လာရောက်ပေးနေသော်လည်း လက်တွေ့ လုပ်ဆောင်မှု အားနည်းနေကြပါသည်။ တောင်သူအများစုသည် လယ်ယာလုပ်ငန်းခွင်အတွက် အလုပ်သမားမလုံလောက်မှု ပြဿနာကို ရင်ဆိုင်နေရပြီး လုပ်အားခပိုမိုပေးမှ အလုပ်သမားများကို ငှားရမ်းရရှိနိုင်ကြကာ ကုန်ကျစရိတ်မြင့်မားရသည်။ တောင်သူအများစုမှာ အလုပ်သမား ရှားပါးမှုနှင့်ကုန်ကျစရိတ်မြင့်တက်မှုတို့ကို ကျော်လွှားနိုင်ရန် စပါးစိုက်ရာတွင် ကြဲပက်စနစ်ကို သုံးကြသည်။ စိုက်ခင်းများတွင် ဖျက်ပိုး၊ ရောဂါကျရောက်မှုကိုတွေ့ရပြီး တောင်သူများအနေဖြင့် ထိရောက်သောဖျက်ပိုးနှိမ်နှင်းရေးနည်းစနစ်ကို လိုလားနေကြသည်။

ကျေးရွာတွင် ကျွဲ၊ နွား၊ ဝက်၊ ကြက်တို့ကို အဓိကထား၍ တစ်ပိုင်တစ်နိုင် မွေးမြူကြသည်။ တောင်သူအများစုမှ ကျွဲ၊ နွားများ မွေးမြူကြပြီး ဝက်မွေးမြူသူအိမ်ထောင်စု အရေအတွက်မှာ တစ်ရွာလုံး၏ ၄၀%ဝန်းကျင်သာရှိပြီး ဒေသမှဝက်မျိုးများကို မွေးမြူကြသည်။ ဒေသကြက မွေးမြူသည့်အိမ်ထောင်စုမှာလည်း တစ်ရွာလုံး၏ ၈၈%ကျော်ရှိပြီး ဈေးကွက်တွင် ဝယ်လိုအားရှိသည်။ ရာသီအလိုက်ဖြစ်ပွားတတ်သော တိရစ္ဆာန်ရောဂါများမှာ ခွာနာလျှာနာ၊ လည်ချောင်းကွဲ၊ အအေးပတ်၊ ကြက်လည်လိမ်၊ ကြက်အိပ်တန်းကျတို့ ဖြစ်ကြပြီး အထူးသဖြင့် ကြက်လည်လိမ်ရောဂါသည် အဖြစ်များပြီး ရောဂါကြောင့် သေဆုံးပျက်စီးမှုများ ရှိတတ်သည်။ မြို့နယ်ရှိ မွေးကုဆရာထံမှ နည်းပညာဝန်ဆောင်မှုကို ရရှိနိုင်သော်လည်း အရေးပေါ် အခြေအနေများ တွင် လုံလောက်မှုမရှိပါ။စီးပွားဖြစ်မွေးမြူရေးလုပ်ကိုင်လိုသော်လည်း ရောဂါ ကာကွယ်ကုသ

နည်းများ နားလည်မှု မရှိခြင်း၊ ငွေအရင်းအနှီး လုံလောက်မှုမရှိခြင်း စသည်တို့က အဟန့်အတား ဖြစ်စေ ပါသည်။ ကျေးရွာမှ နည်းပညာဝန်ဆောင်မှုနှင့် သင်တန်းများ တက်ရောက်ချင်ပါသည်။ သို့ပါ၍ မွေးမြူ ရေးလုပ်ငန်းအတွက် နည်းပညာများ ပံ့ပိုးပေးခြင်း၊ ချေးငွေထုတ်ချေးပေးနိုင်မည့် အဖွဲ့များမှ ကာလရှည်ချေးငွေရရှိနိုင်ပါက မွေးမြူရေးလုပ်ငန်းဖြင့် ဝင်ငွေတိုးနိုင်ပါသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းမရှိပါ။အခြားဝင်ငွေရလုပ်ငန်းများမှာ လယ်ယာ လုပ်ငန်းခွင် နေ့စားအလုပ်များ၊ လက်သမား ပန်းရံ လုပ်ကိုင်နေသူများ၊ အပ်ချုပ်ဆိုင်အလုပ်၊ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ၊ ဈေးရောင်း၊ ခေါင်းရွက်ဗျပ်ထိုး၊ စက်မောင်း စက်ပြင်လုပ် ကိုင်သူများ၊ အစိုးရဝန်ထမ်းလုပ်ငန်းတို့ ဖြစ်ကြသည်။ အခြားလုပ်ငန်းအများစုမှာ ရာသီဉတုနှင့် အမျိုးအစားအလိုက် တွက်ခြေကိုက်မှု အနည်းအပါးမှ အသင့်အတင့်အနေ အထားတွင်ရှိသည်။ လက်လုပ်လက်စားအလုပ်များမှာ စိုက်ပျိုးရာသီများတွင်သာ ဝင်ငွေပေါများပြီး ကျန်အချိန်များတွင် အလုပ်အကိုင်နှင့်ဝင်ငွေမမှန်ခြင်းကြောင့် တွက်ခြေကိုက်မှုနည်းပါးသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေများပြားပြီး ထိုအခြေအနေမှာ ကျေးရွာ၏ အလားအလာကောင်းတစ်ရပ်ဖြစ်သည်။ သို့သော်လည်း လုပ်ငန်းခွင်သုံး ပညာအရည်အချင်းပိုင်းတွင် အနည်းငယ် နိမ့်ကျကြပြီး အခြေခံလုပ်ငန်းများတွင်သာ အဓိက လုပ်ကိုင်ခွင့် ရကြပါသည်။ ရွာသူ/ သားအများစုသည် အသက်မွေးဝမ်းကျောင်းနှင့်ဆိုင်သော အပ်ချုပ်၊ဇာထိုးပန်းထိုး၊ ဆံပင်အလှပြင်၊ မုန့်လုပ်နည်း၊ မော်တော်ဆိုင်ကယ်ပြင်၊ မိုဘိုင်းဖုန်းပြင်၊ ကားမောင်း၊ ဝပ်ရှော့စသည့် အသက်မွေးဝမ်း ကျောင်းသင်တန်းများနှင့်လက်လှမ်းမီမှု အားနည်းခြင်း၊ မိရိုးဖလာ ကျပန်းအလုပ်ကိုသာ အာရုံ စိုက်၍ လုပ်ကိုင်ကြခြင်း၊ လုပ်ငန်းအပေါ်မူတည်၍ ထုတ်ချေးပေးသည့် ချေးငွေပမာဏနှင့် ပြန်လည် ပေးဆပ်သည့် ပုံစံကို သတ်မှတ်သည့် ချေးငွေမရှိခြင်းတို့ကြောင့် စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ ဖြစ်နေပါသည်။

## (ဃ)ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

ကျေးရွာတည်ထောင်ခဲ့သည့်နှစ်အတိအကျကို ပြောဆိုနိုင်မည့်သူမရှိတော့ပဲ လွန်ခဲ့သော နှစ် ၁၅၀ ကျော်ခန့်ကဟုသာ ယေဘူယျပြောဆိုနိုင်ပါသည်။ ကျေးရွာပတ်ဝန်းကျင်တွင် သစ်တော ပြုန်းတီးမှုများရှိပြီး ယခုအခါ ရွာပတ်ဝန်းကျင်တွင် သစ်တောပြုန်းတီးမှုမရှိစေရန် နှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရန် နှစ်ရှည်ပင်များကို စိုက်ပျိုးလာကြသည်။ သစ်တော ဆက်စပ် သယံဇာတများ ပြုန်းတီးမှုများလဲရှိပါသည်။ သို့သော် ရာသီဉတုပြောင်းလဲခြင်း ၏အကျိုးဆက်နှင့် သဘာဝဘေးအန္တရာယ်ကြီးကြီးမားမား ကျရောက်ခံစားရခြင်းမရှိသေးပါချေ။

ကျေးရွာ၏အနောက်ဘက်တွင် ရှိပြီး လယ်များအတွက် ရေကိုလုံလောက်စွာရရှိနေသောအခြေအနေ ဖြစ်ပါသည်။ သို့သော် မိုးရာသီရေများချိန်တွင် ကျေးရွာလမ်းများပေါ်ထိ ရေလျှံကာ လမ်းများသည် ရေမြောင်းများသဖွယ်ဖြစ်နေကာ ကလေးများ၊ သက်ကြီးရွယ်အိုများ သွားလာရခက်ခဲပါသည်။ ကျေးရွာအင်အားဖြင့် တတ်နိုင်သမျှ နှစ်စဉ် လမ်းပြုပြင်ခြင်း မြောင်း ဖောက်ခြင်းများပြုလုပ်နေ ကြသော်လည်း ကျေးရွာလမ်းများ တစ်နှစ်ထက်တစ်နှစ်ပိုမို ပျက်စီးလာ နေပါသည်။ စိုက်ပျိုးရေးဆက်စပ် ရာသီဥတုပြောင်းလဲမှုများနှင့် စိုက်ပျိုးရေးမိုး လေဝသ တို့ကို သိရှိမှုနည်းပါးသေးပါသည်။ ကျေးရွာအတွင်းတွင် ယင်လုံအိမ်သာသုံးစွဲမှုများ ရှိနေပါသည်။ အိမ်သုံးအညစ်အကြေးများ စွန့်ပစ်မှု၊ လယ်ယာသွင်းအားစုများ၏ စွန့်ပစ်ပစ္စည်း များကို ရွာမှ ဝေးသည့် လယ်ယာများတွင် မီးရှို့စွန့်ပစ်ကြပါသည်။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှတောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသောချေးငွေကို တစ်လအတိုးနှုန်း ၅ဝပြားတိုး၊ တစ်ဧက တစ်သိန်းခွဲကျပ်နှုန်းဖြင့် အများဆုံး ဆယ်ဧကအတွက် ချေးယူနိုင်ကြသည်။ တချို့အိမ်ထောင်စုများမှာ ရွာထဲမှ ငွေတိုးချေးစားသူများထံမှ တစ်လအတိုးနှုန်း ၅-၇ ကျပ်နှုန်းဖြင့် ချေးယူကြပါသည်။ ကျေးရွာတွင် မြို့နယ်သမဝါယမဦးစီးဌာနမှ ငွေထုတ်ချေးသည့် အစီအစဉ်များလည်း ရှိပါသည်။ ထိုအဖွဲ့၏ပုံစံမှာ အဖွဲ့ဝင်ဖြစ်မှသာ ထုတ်ချေးနိုင်သည်။ အဖွဲ့ဝင်ဖြစ်ရန် (၅,ဝဝဝ) ကျပ် စုရသည်။ စိုက်ပျိုးရေးနှင့် ကျပန်းဟူ၍ ငွေထုတ်ချေးသည့်ပုံစံ(၂) မျိုး ရှိပါသည်။ အတိုးနှုန်းလည်းမတူချေ။ ငွေပမာဏမှာ တစ်ဦးလျှင် ပထမအကြိမ်တွင် (၁ဝဝ,ဝဝဝ) ကျပ် ထုတ်ချေးနိုင်ပါသည်။ကျေးရွာတွင် အခြားပုဂ္ဂလိက ငွေစုငွေချေး လုပ်ငန်းများမှလဲ လာရောက်ထုတ်ချေးကြပါသည်။

ကျေးရွာသားအများစုသည် ချေးငွေကို အကြောင်းရင်းမျိုးစုံ (ရိက္ခာ၊ ကျန်းမာရေး၊ ပညာရေး)တို့အတွက် အထူးသဖြင့် စားနပ်ရိက္ခာအတွက် ချေးယူကြပြီး ကျေးရွာတွင် ချေးငွေလိုအပ်ချက် များပြားကြောင်းတွေ့ရှိရပါသည်။ ကျေးရွာတွင်း အကြွေးထား ရှိမှုအနေအထား ကို လေ့လာဆန်းစစ်ခဲ့ချက်အရ ပါဝင်သော ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စုများ၏ ၇ဝ% ခန့်သည် အကြွေးယူထားကြပြီး အကြွေးငွေ တစ်သိန်းကျပ်မှ တစ်ဆယ်သိန်းအထိ ချေးယူထား ကြောင်း တွေ့ရှိရသည်။ ထိုအိမ်ထောင်စုများ၏ ၇ဝ%သည် အကြွေးငွေ ငါးသိန်းအောက် ချေးယူထားပြီး ၃ဝ%သည် ငါးသိန်းအထက်ချေးယူထားကြောင်း တွေ့ရှိခဲ့ပါသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျီးလူးကျေးရွာသည် မူလတန်း မှ၊အလယ်တန်းပညာရေးနှင့်အထက်တန်းပညာရေးကို မင်းလှမြို့ ဝက်လှကလေးကျေးရွာ အ.ထ.က ကျောင်းတွင်လည်းကောင်း အထက်တန်းအား စစ်ကွင်းမြို့ကျောင်းတွင်လည်းကောင်း ၊ တက္ကသိုလ်ပညာရေးနှင့် အင်ဂျင်နီယာပညာရေးများ၊

သူနာပြုနှင့် ဆရာအတတ်သင်ကောလိပ်စသည်တို့ကိုပြည်မြို့ရှိ သက်ဆိုင်ရာ တက္ကသိုလ်အသီးသီး တွင်လည်း ကောင်း သင်ယူကြရပါသည်။

ကျေးရွာသားအများစုတွင် အတန်းပညာ သို့မဟုတ် ဘုန်းကြီးကျောင်းတွင် စာပေသင်ကြား ဖူးသူကများပြီး အသက် ၆၀ အထက်သက်ကြီးများသည်ပင် မူလတန်းပညာရေးကို အနည်းဆုံး ၄ တန်းအထိ သင်ကြားဖူးသူက များပါသည်။ လူလတ်နှင့် လူငယ်ပိုင်းများတွင်မူ အမျိုးသား/ သမီးအတန်း ပညာပြီးစီးမှု များစွာကွာခြားမှုမရှိပါ။ သို့သော် ဘွဲ့ရသည်အထိပညာသင်ကြားရာတွင်မူ အမျိုးသမီးများက အရေအတွက်ပိုမိုပါသည်။ မိဘများသည် သားသမီးများ၏ပညာရေးကို အားပေး သည်ဟု ဆိုနိုင်ကြသော်လည်း ကျေးရွာအတွင်း မိမိတို့သားသမီးများကို ကျောင်းပို့ရန်ထက် မိသားစု စားဝတ်နေရေးအတွက် ကူညီလုပ်ကိုင်ခိုင်းကြရသောနွမ်းပါးမိသားစုများ၏ သားသမီးများကျောင်း ပို့နိုင်ရန် သီးသန့်ထောက်ပံ့ပေးမည့် အစီအစဉ်မျိုးလုပ်ဆောင်နိုင်ခြင်းမရှိသေးပါ။

မူလွန်ကျောင်းသည် လက်ရှိအခြေအနေတွင် အသင့်အတင့်ရှိပြီး ကျောင်းသုံး ပရိဘောဂ ပစ္စည်းများအနေဖြင့် လုံလောက်မှုမရှိသေးပါ။ လက်ရှိအနေအထားတွင် မူလတန်း ကျောင်းသား/သူ စုစုပေါင်း ၂၉ဦး ပညာသင်ကြားနေပြီး ဆရာ/ဆရာမ အင်အားမှာလဲ လုံလောက်စွာရှိပါသည်။

ကျောင်းတွင်းအိမ်သာကို ကျား၊မ သီးသန့်စီ တည်ဆောက်ပေးထားပြီး သောက်ရေအတွက် ရေတွင်းတစ်ခုရှိကာ ရေသန့်စက်တပ်ဆင်ပေးထားပါသည်။ အိမ်သာနှင့်ရေတွင်း သင့်တော်သော အ ကွာအဝေးရှိကာ ကျန်းမာရေးအတွက် သင့်တင့်ကောင်းမွန်ပါသည်။ မိဘ-ဆရာအသင်းမရှိသေးဘဲ ကျောင်းအုပ်က ခေါ်ယူသည့် တွေ့ဆုံပွဲ ပြုလုပ်ထားပြီး ကျောင်းအကျိုးတော်ဆောင်အဖွဲ့ရှိကာ အဖွဲ့ဝင်များမှာမူ ရပ်မိရပ်ဖများသာဖြစ်ပါသည်။

ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် ရွာနှင့်(၆)မိုင်ခွဲခန့်အကွာတွင် တိုက်နယ်ဆေးရုံရှိ၍ (၁၁)မိုင်ခန့်အကွာတွင် မြို့နယ်ဆေးရုံရှိပါသည်။ရွာအနီးတွင် အချို့သော ဆေးဝါးများ ဝယ်ယူ ရရှိနိုင်ပါသည်။ ကျေးရွာသို့ ကျန်းမာရေးဌာနမှ လာရောက်၍ ကျန်းမာရေးနှင့်ပတ်သတ်သော ကာကွယ်ဆေးထိုးမှုများ ၊ ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေး နှင့် ဘီပိုးကာကွယ်ဆေး များကို လာရောက်ထိုးနှံပေးကြပါသည်။

သို့သော် နွမ်းပါးမိသားစုများအနေဖြင့်မူ အရေးပေါ်အခြေအနေကြုံတွေ့လာပါက ဖြေရှင်းနိုင် စွမ်းနည်းပါးပြီး အထူးသဖြင့် မိုးတွင်းကာလ ကျေးရွာလမ်းများရေလွှမ်းပျက်စီးနေချိန်များတွင် အခက်အခဲတွေ့ပါက ဖြေရှင်းနိုင်စွမ်းမရှိသည့်အပြင် ကျေးရွာအနေဖြင့်လည်း ၎င်းတို့အတွက် သီး သန့်ကျန်းမာရေးစောင့်ရှောက်မှုပြုလုပ်ပေးနိုင်ခြင်းမရှိသေးပါ။

အနာရောဂါကျရောက်မှုအနေဖြင့် ရာသီဖျား၊သွေးတိုး၊ ဆီးချိုနှင့် အရိုးကျီးပေါင်းတက်ခြင်း ကို အတွေ့ရများပြီး အသဲရောင်အသားဝါနှင့် တီဘီတွေ့ရှိလူနာရှိပြီး မင်းလှမြို့နယ်ဆေးရုံမှ ဆေးဝါး ရယူ သောက်သုံးကြပါသည်။ ရာသီကူးပြောင်းတွင် ဆေးရုံတက်ကုသခံယူရသည်အထိ ဖြစ်ပွားမှု

များကြောင့် ကုန်ကျစရိတ်များခြင်းက ကနဦးကျန်းမာရေးစောင့်ရှောက်မှု ပိုမိုကောင်းမွန်ပါက ထိုသို့ ကုန်ကျခြင်းများ များစွာလျော့ကျစေနိုင်မည်ဖြစ်သည့်အပြင် ရွာသားများ၏ ကျန်းမာရေးလည်းပိုမို ကောင်းမွန်လာနိုင်သဖြင့် ကျေးလက်ဆေးပေးခန်းတစ်ခု ရယူလိုကြခြင်းဖြစ်ပါသည်။ သားဆက်ခြား နှင့် အမျိုးသမီးရောဂါများဆိုင်ရာ ဆွေးနွေးဟောပြောမှုများ တက်ရောက်ဖူးကြပြီး ကြားဖူးနားဝ ဗဟုသုတရှိကာ ထိရောက်သည့် မိသားစုအစီအစဉ်တစ်ရပ်ရပ်နှင့် သန္ဓေတားဆေး၏ နောက်ဆက် တွဲအကျိုးဆက်များကိုမူ တိတိကျကျသိရှိခြင်းမရှိသေးချေ။

ကျေးရွာအိမ်အများစုတွင် ရေတွင်းများရှိကြပြီး ရေနွေးသောက်သည့်အလေ့အထနှင့် အိမ်သာ အများစုမှာလည်း ယင်လုံအိမ်သာများဖြစ်ကြသောကြောင့် ရေနှင့်ဆက်နွယ်သောရောဂါဖြစ်ပွားမှု နည်းပါးလှပါသည်။ အိမ်တွင်းနှင့်မီးဖိုချောင်သုံးစွန့်ပစ်ပစ္စည်းများကို တစ်အိမ်ထောင်စုချင်းအလိုက် ရွာနှင့်ဝေးသည့်လယ်တောအတွင်း မီးရှို့လေ့ရှိသည့် အလေ့ကောင်းရှိသော်လည်း ကြွပ်ကြွပ်အိတ် စွန့်ပစ်မှု၊ စိုက်ပျိုးရေးသုံးပစ္စည်းအကြွင်းအကျန်များ စွန့်ပစ်မှု စသည်တို့နှင့်ပတ်သက်သော ဗဟုသု တများလိုအပ်ပါသည်။ ကျေးရွာလမ်းများသန့်ရှင်းရေးကို လူငယ်များက အပိုင်းလိုက် တာဝန်ယူ လုပ်ဆောင်ကြပါသည်။

**(ဆ)လူငယ်နှင့် ယဉ်ကျေးမှု**

လူငယ်များအတွက် ယခင်က ဘောလုံးကန်ခဲ့သည်နေရာမှာ ယခုအခါ တောင်ယာများအဖြစ် စိုက်ပျိုးအသုံးပြုနေပြီဖြစ်ကာ (၆)မိုင်ခန့်ကွာဝေးသည့် စစ်ကွင်းမြို့တွင် ရွာအချင်းချင်းလူငယ်များ ချိန်းဆို ကစားလေ့ရှိပါသည်။ ကျေးရွာနှစ်စဉ်ကျင်းပလေ့ရှိသော ဘာသာရေးပွဲများကို လူငယ်များ တက်ကြွစွာ လုပ်အားပေးပါဝင်ကာ ပျော်ပွဲရွှင်ပွဲများ ထည့်သွင်းကျင်းပလေ့ရှိပါသည်။ ကျေးရွာ အချင်းချင်း အပြန်အလှန်အားပေးကူညီကြပြီး လူငယ်များအချင်းချင်းအားကစား ပြိုင်ပွဲများ ထည့်သွင်းကြပါသည်။ ကောက်စိုက်နှင့်လယ်ယာလုပ်ငန်းအားလပ်ချိန်များတွင် ရွာအနီး အနား လူငယ်အချင်းချင်း ရွာအလိုက်အချိန်းအချက်ပြုကာ ဘောလုံးကန်လေ့ရှိပါသည်။

ကျေးရွာဘုန်းတော်ကြီးကျောင်းကိုအခြေပြုပြီး ဘာသာရေးပွဲများ ဥပုသ်သီတင်းစောင့်ထိန်း သူသက်ကြီးများအတွက် ရေနွေးတိုက်ခြင်း၊ ဘုန်းတော်ကြီးကျောင်းအတွက်လိုအပ်သော ဝေယျာဝစ္စ လုပ်အားပေးခြင်းများကို ဥပုသ်သီတင်းပတ်တိုင်း အလှည့်ကျသော်လည်းကောင်း မိမိတို့ စေတနာ အလိုက်သော်လည်းကောင်း ပါဝင်လုပ်ဆောင်ကြပါသည်။ တစ်ရွာလုံးဗုဒ္ဓဘာသာဝင်များဖြစ်ကြပြီး ဘာသာရေးအလိုက်သာ ယဉ်ကျေးမှုပွဲတော်များတွင်ပါဝင်ကြပြီး စာပေယဉ်ကျေးမှုတိုးတက်ရေး သီးသန့်လုပ်ဆောင်နေခြင်းမရှိပါ။

မိုဘိုင်းလက်ကိုင်ဖုန်းများနှင့်အင်တာနက်များ ရယူသုံးစွဲနိုင်သည့်နောက်ပိုင်းတွင် လူငယ် အများစု အင်တာနက်သုံးစွဲမှုများပြားလာပြီး သူငယ်ချင်းအချင်းချင်းအချိန်ပေးမှု နည်းပါး လာကာ လူငယ်အများစုမှာ လူမှုဂဘ်ဆိုဒ်များနှင့်အားကစားသတင်း ကြည့်ရှုမှုများလာပါသည်။

(ဇ)  အခြေခံ အဆောက်အဦ - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ကျီးလူးကျေးရွာသည် မင်းလှမြို့နယ်မှ တောင်ဘက် (၁၀)မိုင်ခန့်အကွာ တွင်တည် ရှိပါသည်။

ကျေးရွာအတွင်းတွင်လျှပ်စစ်မီးသုံးစွဲနိုင်ပါသည်။ကျေးရွာတွင် စိုက်ပျိုးရေးကိုသာအဓိ က ထား လုပ်ကိုင်ကြပါသည်။ ကျေးရွာသူ/သားအများစုမှာ စာဖတ်တတ်ကြပြီး ဂျာနယ်၊ သတင်းစာ၊ ဝတ္ထုများ အဖတ်များ ကြပါသည်။ အင်တာနက်သုံးစွဲလာသည့်နောက်ပိုင်းမှစကာ လူငယ်များစာပေဖတ်ရှုမှု သိသိသာသာ ကျဆင်းလာကာ လူမှုရေးဖွဲ့စည်း ပုံများစွာပြောင်းလဲ လာကြောင်း လူကြီးများက သတိပြုမိကြပါသည်။ အင်တာနက်သုံးစွဲရာတွင် လူငယ်အများစုမှာ လူမှုကွန်ယက်ကိုသာ အဓိကထားသုံးစွဲကြပြီး အချိန်များစွာကုန်ကြောင်းနှင့် သတင်းအချက် အလက်စနစ်တကျ ရယူအသုံးပြုမှု အားနည်းနေသေး ပါသည်။ မိုဘိုင်းဖုန်း အိမ်တိုင်းနီးပါးရှိကာ ဆက်သွယ်ရေးစနစ်ကောင်းမွန်လက်လှမ်းမီပါသည်။

**(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီးတည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည် ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။သို့သော် ရွာသားများသည် မိုဘိုင်းတယ် လီဖုန်း ဆက်သွယ် ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သော သတင်းအရင်းအမြစ်များအတွက် အလျင်အမြန် ဆက်သွယ်သိရှိနိုင်သည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ် သီးသန့်ရေး ဆွဲထားခြင်း မရှိပါ။ ရွာသားများသည် (၆)မိုင်ခန့် ဝေးသော စစ်ကွင်းမြို့ရဲစခန်းသို့ အလွယ်တကူ ချိတ်ဆက်နိုင်ပြီးကျေးရွာတွင် ရာဇဝတ်မှုဖြစ်ပွားခြင်းနည်းပါးသည်။

## ၅။  ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

**(က)  ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေနေများ**

ကျီးလူးကျေးရွာသည် စစ်ကွင်း နှင့်မင်းလှမြို့များသို့ ကားလမ်းဖြင့် အလွယ်တကူ ကူးသန်းသွားလာနိုင်သည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သဖြင့် ကျေးရွာထွက်ကုန်များကို အချိန်မီ တင်ပို့ရောင်းချနိုင်သည်။

လူငယ်ပညာတတ်များရှိပြီး လူဦးရေအားလုံး၏ ၆၀%မှာ အလုပ်လုပ်နိုင်သည့် အရွယ်များ ဖြစ်ကြသည်။ ဘွဲ့ရအရေအတွက် အသင့်အတင့်ရှိပြီးကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်း ကျောင်းသင် တန်းများကို လူငယ်များကို လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်များကို တိုးတက်ကောင်း မွန်စေပါမည်။ ကျေးရွာလူထု၏ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားဖြင့် ကောင်းမွန်ပြီး ကျန်းမာရေးပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှုများသို့လည်း အလွယ်တကူလက်လှမ်းမီ နိုင်ကြသည်။ကျေးရွာသားများအနေဖြင့် စိုးရိမ်ရသောဆေးဝါးကုသလိုမှုအတွက်လည်း ရေတာရှည် ဆေးရုံသို့ သွားရောက်ပြီး ဆေးကုသမှုများ ခံယူနိုင်ကြသည်။ ကျေးရွာတွင် စာသင် ကျောင်းနှင့် ပံ့ပိုးပစ္စည်းများမှာ လက်ရှိပညာရေးအနေအထားအတွက် ကောင်းသောအဆင့်တွင် ရှိနေကြသည်။

ကျေးရွာတွင် လျှပ်စစ်မီးကို မဟာဓာတ်အားလိုင်းမှသုံးဆွဲနိုင်ပါသည်။ ကျောင်းသူကျောင်းသားများအတွက် စာဖတ်ရာတွင် အဆင်ပြေပါသည်။

သဘာဝအရင်းအမြစ်များတွင် လယ်မြေများသည် မြေပြန့်ဖြစ်ပြီး မြေဆီသြဇာ အတော် အသင့် ကောင်းမွန်သည်။ မိုးရွာသွန်းမှုမှာ သီးနှံများစိုက်ပျိုးရန် အထောက်အပံ့ဖြစ်စေသည့်အပြင် ဆွာချောင်းရေလှောင်တမံမှ သွင်းရေလုံလောက်စွာ ရရှိနေသောကြောင့် လယ်မြေဧက အားလုံးနီးပါး အား နွေစပါးအတွက် ရေသွင်းစိုက်ပျိုးနိုင်သည်။ ထို့ပြင် စက်ကိရိယာများကို ငှားရမ်းနိုင်သည့် နေရာများနှင့် ချိတ်ဆက်လုပ်ဆောင်နိုင်ပါသည်။

ကျေးရွာတွင် မွေးမြူရေးထွက်ကုန်ရောင်း ချရန်ဈေးကွက်ကောင်း သဖြင့်အထူး သဖြင့်ကြက်နှင့် ဝက်တို့ကို တိုးချဲ့မွေးမြူရန်အခွင့်အလမ်းသာသည်။ သို့သော် မွေး/ကုဦးစီးဌာနမှ လိုအပ်သောနည်းပညာပိုင်းဆိုင်ရာပံ့ပိုးမှုကိုလည်း တိုးမြှင့်ဆောင်ရွက်ပေးရန် လိုအပ်သည်။

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်း မှုကြောင့်ကုန်စည် ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမီ အသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုမှာ ကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။

### (ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

ကျီးလူးကျေးရွာတွင် ဖွံ့ဖြိုးရေးဆောင်ရွက်နေသော အဖွဲ့များ ရှိသော်လည်း အုပ်ချုပ်ရေးကဏ္ဍမှ လွဲ၍ အဖွဲ့တစ်ခုနှင့်တစ်ခု ချိတ်ဆက် ဆောင်ရွက်ခြင်း၊ စုစည်းလုပ် ဆောင်ချက်များတွင် အားနည်းမှုများ ရှိပါသည်။ ကျေးရွာလူထုအနေဖြင့် မြို့နယ်ရှိ ဦးစီးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ရာတွင် အတွေ့အကြုံ နည်းခြင်း၊ အဖွဲ့အစည်းဆိုင်ရာ စွမ်းရည်မြှင့် ဝန်ဆောင် မှုအဖွဲ့များနှင့် အလှမ်းဝေးခြင်း စသည်တို့ကလည်း ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးတွင် စိန်ခေါ်မှု တစ်ရပ် ဖြစ်သည်။

ကျေးရွာရှိ လယ်ယာမြေများမှာ မြေဆီလွှာ အသင့်အတင့်ကောင်းမွန်သည်မှအပ အခြား သယံဇာတများမထွက်ရှိပါ။ လယ်ယာမြေကို ထပ်မံတိုးချဲ့ရန်မှာ မဖြစ်နိုင်သဖြင့် လယ်သမားများအဖို့ အထွက်နှုန်းတိုးမြင့်အောင် အားစိုက်ရပေမည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာပိုင်းဆိုင်ရာဝန်ဆောင်မှုကို ရရှိနိုင်သော်လည်း ဖျက်ပိုးနှိမ်နင်းရေးနှင့်ပတ်သက်၍ ထိရောက်စွာ အကောင်အထည်ဖော်ပေးသော အစီအစဉ် မရှိသေးပါ။တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားရောဂါကာကွယ်နှိမ်နင်းနိုင်ရေးအထောက်အပံ့များ ရရှိရန် လိုအပ်သည်။ စိုက်/ဘဏ်မှ ချေးငွေဝန်ဆောင်မှု ရရှိသော်လည်း စိုက်ပျိုးရေးသွင်းအားစုနှင့် လုပ်အားခများအတွက် လုံလောက်မှု မရှိသေးချေ။ စီးပွားဖြစ်မွေးမြူရေးအတွက် နည်းပညာများ ရရှိရန် လိုအပ်နေပါသေးသည်။ သမဝါယမဦးစီးဌာနမှ ချေးငွေများ ရရှိသည်လည်း စီးပွားဖြစ် မွေးမြူရေး လုပ်ကိုင်ရန်အတွက် ငွေအရင်းအနှီးလုံလောက်မှု မရှိသဖြင့် တစ်နိုင်တစ်ပိုင်သာ လုပ်ကိုင်နေကြပါသည်။ ကျေးရွာတွင် ငွေတိုးချေးသူများရှိသော်လည်း အတိုးနှုန်းမှာ မြင့် မားပါသည်။

ကျေးရွာတွင် အိမ်တွင်းမှုထုတ်ကုန်လုပ်ငန်းမရှိသဖြင့်အလုပ်အကိုင်နှင့် ဝင်ငွေပုံမှန်ရရှိရေး အတွက် အကန့်အသတ်ရှိနေပါသည်။ အလုပ်လုပ်ကိုင်နိုင်သူများ၏ အတတ်ပညာ တတ်မြောက် မှုကလည်း အခြေခံအလုပ်များသာ ရရှိစေပြီး ကျွမ်းကျင်စွာတတ်မြောက်သူ မများလှပေ။ ဒေသတွင်လည်း အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းအတွက် ကုန်ကြမ်း၊ တတ်သိပညာ၊ အထိအတွေ့တို့ အားနည်းပါသည်။

ရွာတွင်းလမ်း၊ ရွာချင်းဆက်လမ်း၊ တံတား အဆင့်မြှင့်တင်ရေးအတွက် ကျေးရွာလူထုမှ မတည်ငွေ လိုအပ်ခြင်း၊ သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများနှင့် ချိတ်ဆက် လုပ်ဆောင်ရန် လိုအပ်နေ ပါသည်။

## ၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

### (က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီးလာ မည့်ငါး နှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကုန်ထုတ်လုပ်မှုမြှင့်တင်ခြင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေခြင်း၊လူနေမှုအဆင့်အတန်းမြင့်မားစေရမည်။

က.၂) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျန်းမာရေးကောင်းမွန်စေရေးအတွက် သန့်ရှင်းသော သောက်သုံးရေဖူလုံစွာရရှိစေရမည်။

က.၃) ကျွန်ုပ်တို့ရွာလူထုသည် ပညာရေးဆိုင်ရာဝန်ဆောင်မှုအပြည့်အဝ ရရှိစေရမည်။

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြပါမည်။

ခ.၁) ကျေးရွာအတွင်း မြေသားလမ်းအား ဂဝံလမ်းဖြစ်စေရန် ကျေးလက်လမ်းဦးစီးဌာနနှင့် ချိတ်ဆက်၍ ကွန်ဂရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်မည်။

ခ.၂) ကျေးရွာအတွင်းသောက်သုံးရေဖူလုံစွာရရှိစေရန် ကျေးရွာသူကျေးရွာသားများနှင့်မြို့နယ် ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်၍ ပူပေါင်းဆောင်ရွက်သွားမည်။

ခ.၃) ကျေးရွာအတွင်း ကျောင်းမျက်နှာကျက်များနှင့် ပညာရေးဆိုင်ရာဝန်ဆောင်မှုများ ရရှိစေရေး အတွက် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။

**၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့် ကိစ္စများ**

(က) ကျေးရွာရှိ အဖွဲ့အစည်းများ၊ လူငယ်များအား စွမ်းဆောင်ရည်မြင့်မားလာစေရေးအတွက် စီမံခန့်ခွဲမှု၊ ခေါင်းဆောင်မှုဆိုင်ရာ သင်တန်းများ စီစဉ်ပေးခြင်း။

(ခ) စိုက်ပျိုးရေးဦးစီးဌာနမှ လက်တွေ့အသုံးဝင်မည့် နည်းပညာများ၊ ဈေးကွက်ဆန်းစစ်ခြင်းနှင့် တန်ဖိုးမြှင့် ထုတ်ကုန်ဈေးကွက်များသို့ ချိတ်ဆက်ကူညီပေးခြင်း။

(ဂ) စက်မှုလယ်ယာဦးစီးဌာနမှ လုံလောက်သော စက်ကိရိယာများ ရရှိအောင် ငှားရမ်းပေးခြင်း။

(ဃ) စီးပွားဖြစ်မွေးမြူရေးအတွက် နည်းပညာဝန်ဆောင်မှုနှင့် သင်တန်းများ ပံ့ပိုးပေးခြင်း။

(င) ဒေသနှင့်သင့်လျော်သော အသက်မွေးဝမ်းကျောင်းဆိုင်ရာ ဝင်ငွေတိုးလုပ်ငန်းများအတွက် နည်းပညာသင်တန်းများ စီစဉ်ပေးခြင်း။

(စ) အသက်မွေးဝမ်းကျောင်းလုပ်ငန်းပေါ်မူတည်၍ အတိုးနှုန်းနည်းပြီး ကာလရှည်ချေးငွေ ရရှိရန် ဆောင်ရွက်ပေးခြင်း။

(ဆ) ကျေးရွာတွင်း ဘွဲ့ရလူငယ်များအား ကျန်းမာရေးဆိုင်ရာ သင်တန်းများ တက်ရောက်ခွင့် ရနိုင်ရန် ဆက်သွယ်အကြောင်းကြားပေးခြင်းဖြင့် ကျေးရွာအတွင်း ကျန်းမာရေးလုပ်သားများ မွေးထုတ်ပေးခြင်း။

(ဇ) ကျေးရွာ၏ လမ်း တံတားများ ကောင်းမွန် တိုးတက်လာအောင် ဆောင်ရွက်ပေးစေလိုခြင်း။

**၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ**

ဗျူဟာဆိုသည်မှာ ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန် အကောင်ထည် ဖော်မည့်နည်းလမ်းဖြစ်သည်။ နည်းလမ်းဆိုသည်မှာ မည်သည့်စီမံချက်များကို မည်သို့အကောင်ထည်

ဖော်မည် ဆိုသည့်သဘောပင်ဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ငါးနှစ်တာစီမံချက်ကာလအတွင်းပါဝင်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင် အထည်ဖော်မှု ဆိုင်ရာ အဓိကသဘောချက်များဖြစ်သည်။

**(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်**

ကျေးရွာလူထုကငါးနှစ်တာအတွက် စီမံကိန်းရေးဆွဲစဉ်အချိန်ကဦးစားပေးအစီအစဉ်ချခဲ့သောစီမံကိန်း များသည်ငါးနှစ်တာလုံးအတွက်ပြီးပြည့်စုံပြီဟုမဆိုနိုင်ပါ။ ဦးစားပေးစီမံကိန်းအချို့ကိုရှေ့ပိုင်းနှစ်များ တွင်ဆောင်ရွက်နေစဉ်နောက်ထပ်ဦးစားပေးစီမံကိန်းအသစ်များ ပေါ်လာပါမည်။ ပုံမှန်အားဖြင့် စံနစ်တကျ ရေးဆွဲထားသောကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်မူဘောင်သည်သဘာဝဘေးအန္တရာယ်ဆိုး ဆိုးဝါးဝါးမ ကျပါကပြောင်းလဲမှုသိသိသာသာမရှိနိုင်ပဲ နောက်တိုးဦးစားပေးစီမံကိန်းလုပ်ငန်းအချို့ ကိုနှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်တွင်ထည့်သွင်းခြင်းအားဖြင့်အစဉ်သဖြင့်ငါးနှစ်တာ စီမံချက်တစ်ခု အသင့် အနေအထားတွင် ရှိနေပါမည်။

**(ခ) ကဏ္ဍနှင့် ရင်းနှီးမြှပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း**

စီမံကိန်းများကိုမည်သည့်ဝန်ကြီးဌာန၊ဦးစီးဌာနနှင့်သက်ဆိုင်သည်ဟု လုပ်ငန်းကဏ္ဍဆိုင်ရာအရ ခွဲခြားခြင်း (Functional classification )နှင့်စီးပွားရေး အကျိုးဖြစ်ထွန်းမှုနှင့်အကျိုးသက် ရောက်မှုဆိုင်ရာ ရင်းနှီးမြှပ်နှံမှုကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)ဟူ၍ နှစ်မျိုး ရှိသည်။

*လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)*–ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက်ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

*ရင်းနှီးမြှပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification)* တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

**(ဂ) ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင်

မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူ သတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ဘန့်ဘွေးပင်ကျေးရွာဦးစားပေးစီမံချက်များ**

| ကဏ္ဍ / အကြောင်းအရာ | စီမံချက် | ရမှတ်ပေါင်း | အဆင့် | စီမံချက်အကြောင်း ရှင်းလင်းဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| *အုပ်ချုပ်ရေး ကဏ္ဍ* | | | | | |
| *အုပ်ချုပ်ရေးကဏ္ဍ တိုးတက်မှု* | ၁။ ကျေးရွာရှိ အဖွဲ့အစည်းများအား စွမ်းဆောင် ရည် မြှင့်တင်ရန် ဆောင်ရွက်ခြင်း။ | - | ၉ | • ကျေးရွာကိုယ်စားပြု ဖွံ့ ဖြိုးရေးအဖွဲ့ ဖွဲ့စည်းခြင်း။<br>• စီမံခန့်ခွဲမှု၊ ခေါင်းဆောင်မှု သင်တန်းများ စီစဉ်ပေးခြင်း။<br>• အစည်းအဝေးများတွင် အမျိုးသမီးများ ပိုမို ပါဝင်စေခြင်း။ | • ကျေးလက်/ ဦးစီးဌာန |
| *စိုက်ပျိုးရေး ကဏ္ဍ* | | | | | |
| အခြေခံ အဆောက်အဦနှင့် နည်းပညာ သင်တန်း | ၂။ စိုက်ပျိုးထုတ်လုပ်ခြင်းမှ အကျိုးအမြတ် ပိုမို ဖြစ်ထွန်းလာစေရေးအတွက် နည်းပညာ တိုးတက် အသုံးချနိုင်အောင် ဆောင်ရွက်ခြင်း။ | - | ၂ | • စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်၍ မြေဆီလွှာ၊ ရောဂါ၊ ပိုးမွှား၊ မျိုးသန့် ထုတ်လုပ်မှု ဆိုင်ရာ နည်းပညာသင်တန်းများ စီစဉ်ပေးခြင်း။<br>• စက်ကိရိယာများ လုံလောက်စွာ ငှားရမ်း နိုင်ရန် စက်မှုလယ်ယာ/ ပုဂ္ဂလိကများဖြင့် ချိတ် ဆက်ခြင်း။<br>• စပါးအခြောက်ခံစက် နည်းပညာ ရယူ၍ တပ်ဆင် အသုံးချခြင်း။<br>• ဈေးကွက်ဆန်းစစ်ခြင်းနှင့် တန်ဖိုးမြှင့် ထုတ်ကုန်ဈေးကွက်သို့ တက်လှမ်းခြင်း။ | • စိုက်ပျိုးရေး ဦးစီးဌာန |
| *မွေးမြူရေး* | | | | | |
| ဈေးကွက်နှင့် နည်းပညာ သင်တန်း | ၃။ တိရစ္ဆာန်ရောဂါ ကာကွယ်ကုသရေး နည်းပညာနှင့် ဝန်ဆောင်မှုများ လက်လှမ်းမီအောင် ဆောင်ရွက်ခြင်း။ | - | ၈ | • မြို့နယ် မွေး/ကု ဦးစီးဌာနနှင့် ချိတ်ဆက်၍ နည်းပညာဝန်ဆောင်မှုနှင့် သင်တန်းများ ပံ့ပိုးပေးခြင်း၊ မျိုးသန့်များ ရရှိမွေးမြူခြင်းဖြင့် မွေးမြူ ရေး ထွက်ကုန် မြင့်မားစေခြင်း။ | • မွေး-ကု ဦးစီးဌာန |

| ကဏ္ဍ / အကြောင်းအရာ | စီမံချက် | ရမှတ်ပေါင်း | အဆင့် | စီမံချက်အကြောင်း ရှင်းလင်းဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| *အခြား ဝင်ငွေရ လုပ်ငန်းများ* | | | | | |
| သင်တန်း၊ စီးပွားရေး လုပ်ငန်းများနှင့် ချိတ်ဆက်ခြင်း | ၄။ အလုပ်အကိုင် အခွင့်အလမ်း များပြားလာစေရန် ဆောင်ရွက်ခြင်း။ | - | ၃ | • စိတ်ပါဝင်စားသောအိမ်ထောင်စုများအတွက် အိမ်တွင်းမှု ထုတ်ကုန် ပြုလုပ်နည်းသင်တန်းများပေးခြင်း။<br>• ဒေသနှင့် သင့်လျော်သော အသက်မွေးဝမ်းကျောင်း ပညာများပေး ခြင်း (အလှပြင်၊ မုန့်လုပ်၊ စက်ပြင်၊ ဆိုင်ကယ်ပြင်)<br>• ထုတ်ကုန်အတွက် ဈေးကွက်ရှာဖွေခြင်း။<br>• အလုပ်အကိုင်များ ပိုမိုရရှိရန် ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် ချိတ်ဆက် ထားရှိခြင်း။ | • ကျေးလက်/ ဦးစီးဌာန |
| *ဘဏ် နှင့် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း* | | | | | |
| ချေးငွေ လက်လှမ်းမီရေး | ၅။ သင့်တင့်သော အတိုးနှုန်းဖြင့် ကာလရှည် ချေးငွေပေးနိုင်မည့် အဖွဲ့များနှင့် ချိတ်ဆက်ခြင်း။ | - | ၆ | • အသက်မွေးဝမ်းကျောင်းလုပ်ငန်းပေါ် မူတည်၍ အတိုးနှုန်း နည်းပြီး ကာလရှည်ထုတ်ချေး ပေးနိုင်မည့် ချေးငွေဌာနများနှင့် ချိတ်ဆက် ခြင်း။ | • သမဝါယမ ဦးစီးဌာန |
| *ပညာရေး* | | | | | |
| ကလေး ပညာရေး ဖွံ့ဖြိုးရေး | ၆။ ကျေးရွာ၏ပညာတတ်မြောက်မှု တိုးတက်အောင် ဆောင်ရွက်ခြင်း။ | - | ၄ | • မြေစိုက် ကေဂျီကျောင်း ဆောင်ကို တမံသလင်း ခင်း၊အုတ်ကာ၊ သွပ်မိုး အဆင့်မြှင့်တင်ခြင်း။ | • ပညာရေး ဦးစီးဌာန |
| *ကျန်းမာရေး* | | | | | |
| ကျန်းမာရေး တိုးတက်လာစေရေး | ၇။ ကျေးရွာ၏ ကျန်းမာရေးကဏ္ဍ တိုးတက်လာ စေရန် ဆောင်ရွက်ခြင်း။ | - | ၇ | • ကျေးလက် ကျန်းမာရေးဆေးပေးခန်းနှင့် ကျန်းမာရေး ဝန်ထမ်းရရှိရန် မြို့နယ်ကျန်းမာရေး ဦးစီးဌာနနှင့် ချိတ်ဆက်ခြင်း။ | • ကျန်းမာရေး ဦးစီးဌာန |

| ကဏ္ဍ / အကြောင်းအရာ | စီမံချက် | ရမှတ် ပေါင်း | အဆင့် | စီမံချက်အကြောင်း ရှင်းလင်းဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| | | | | • ယင်လုံအိမ်သာများ ဆောက်လုပ် အသုံးပြုရန် တိုက်တွန်းခြင်း။<br>• ကျန်းမာရေး အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ခြင်း။<br>• ကျန်းမာရေးလုပ်သားများ မွေးထုတ်ပေးခြင်း။ | |
| *လမ်းပန်း ဆက်သွယ်ရေး* | | | | | |
| လမ်း၊ တံတား ကောင်းမွန် လာစေရေး | ၈။ ပို့ဆောင်ရေး အခြေခံ အဆောက်အဦများ တိုးတက်လာစေရေး။ | - | ၁ | • ကျေးရွာတွင်းသည်ဂဝံလမ်းဖြစ်သောကြောင့်နွေးရာသီတွင် အဆင်ပြေသော်လည်းမိုးရာသီတွက် သွားလာရအဆင်မပြေသောကြောင့် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြင့်တင်ရန်လိုအပ်ခြင်း။<br>• မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ တင်ပြခြင်း။ | • ကျေးလက်/ ဦးစီးဌာန |
| *လူငယ်၊ ယဉ်ကျေးမှုနှင့် အားကစား* | | | | | |
| လူငယ်များ စွမ်းဆောင်ရည် တိုးတက် လာစေရေး | ၉။ ကျေးရွာ၏ လူငယ်များ ဖွံ့ဖြိုးတိုးတက် လာစေရေး။ | - | ၅ | • ဖွံ့ဖြိုးရေးလူငယ်အဖွဲ့ တစ်ခု ဖွဲ့စည်းလုပ်ဆောင်ခြင်း။<br>• အသက်မွေးဝမ်းကျောင်း သင်တန်းများ တက်ရောက်ခြင်း။<br>• အားကစားကွင်း တစ်ခု ဖော်ထုတ်ခြင်း။<br>• ကျေးရွာ စာကြည့်တိုက် တစ်ခု တည်ထောင်ခြင်း။ | • ကျေးလက်/ ဦးစီးဌာန |

## (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန်ခန့်မှန်းဖော်ပြထားသည့် ဦးစားပေး စီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေး မည်။

| စဉ် | စီမံချက် (Project) | ဦးစားပေး အဆင့် | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ |
|---|---|---|---|---|---|---|---|
| ၁ | ကျေးရွာရှိ အဖွဲ့အစည်းများအား စွမ်း ဆောင်ရည် မြှင့်တင်ရန် ဆောင်ရွက် ခြင်း။ | ၉ | ì | ì | | | |
| ၂ | စိုက်ပျိုးထုတ်လုပ်ခြင်းမှ အကျိုးအ မြတ် ပိုမို ဖြစ်ထွန်းလာစေရေးအတွက် နည်းပညာ တိုးတက် အသုံးချနိုင် အောင် ဆောင်ရွက်ခြင်း။ | ၂ | ì | ì | ì | Ì | ì |
| ၃ | တိရစ္ဆာန်ရောဂါ ကာကွယ်ကုသရေး နည်း ပညာနှင့် ဝန်ဆောင်မှုများ လက်လှမ်းမီအောင် ဆောင်ရွက်ခြင်း။ | ၈ | ì | ì | ì | Ì | ì |
| ၄ | အလုပ်အကိုင် အခွင့်အလမ်း များပြား လာစေရန် ဆောင်ရွက်ခြင်း။ | ၃ | ì | ì | ì | | |
| ၅ | သင့်တင့်သော အတိုးနှုန်းဖြင့် ကာလ ရှည် ချေးငွေပေးနိုင်မည့် အဖွဲ့များနှင့် ချိတ်ဆက်ခြင်း။ | ၆ | ì | ì | ì | Ì | ì |
| ၆ | ကျေးရွာ၏ပညာတတ်မြောက်မှု တိုးတက်အောင် ဆောင်ရွက်ခြင်း။ | ၄ | | | ì | | |
| ၇ | ကျေးရွာ၏ ကျန်းမာရေးကဏ္ဍ တိုးတက်လာစေရန် ဆောင်ရွက်ခြင်း။ | ၇ | | ì | ì | | |
| ၈ | ပို့ဆောင်ရေး အခြေခံ အဆောက်အဦ များ တိုးတက်လာစေရေး။ | ၁ | ì | ì | | | |
| ၉ | ကျေးရွာ၏ လူငယ်များ ဖွံ့ဖြိုးတိုးတက် လာစေရေး။ | ၅ | | ì | ì | Ì | |

## ၉။ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်း နမူနာ(indicative)အဖြစ် ကိုးကားရန်သာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက် ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး ကော်မီတီသည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များ အစည်း များနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းရှင်များထံမှ ဘတ်ဂျတ် အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာ လူထု၏ ငွေသား မဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။ (ငွေသား မဟုတ်သောထည့်ဝင်မှု၊ ဥပမာ လုပ်အား၊သဲ၊ကျောက်၊ ပစ္စည်းကိရိယာ၊အချိန် စသည်)

**စီမံချက်ဘတ်ဂျတ်**

| စဉ် | စီမံချက် | ရန်ပုံငွေ | ရင်းနှီးမြှပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | လူသားချင်းစာနာမှုအထောက်အပံ့ |
| ၁ | ကျေးရွာရှိ အဖွဲ့အစည်းများအား စွမ်း ဆောင်ရည် မြှင့်တင်ရန် ဆောင်ရွက် ခြင်း။ | | | | | |
| ၂ | စိုက်ပျိုးထုတ်လုပ်ခြင်းမှ အကျိုးအမြတ် ပိုမို ဖြစ်ထွန်းလာစေရေးအတွက် နည်းပညာ တိုးတက် အသုံးချနိုင်အောင် ဆောင်ရွက်ခြင်း။ | | | | | |
| ၃ | တိရစ္ဆာန်ရောဂါ ကာကွယ်ကုသရေး နည်း ပညာနှင့် ဝန်ဆောင်မှုများ လက်လှမ်းမီအောင်ဆောင်ရွက်ခြင်း။ | | | | | |
| ၄ | အလုပ်အကိုင် အခွင့်အလမ်း များပြား လာစေရန် ဆောင်ရွက်ခြင်း။ | | | | | |
| ၅ | သင့်တင့်သော အတိုးနှုန်းဖြင့် ကာလ ရှည် ချေးငွေပေးနိုင်မည့် | | | | | |

| | | | | | | | |
|---|---|---|---|---|---|---|---|
| | အဖွဲ့များနှင့် ချိတ်ဆက်ခြင်း။ | | | | | | |
| ၆ | ကျေးရွာ၏ပညာတတ်မြောက်မှု တိုးတက်အောင် ဆောင်ရွက်ခြင်း။ | | | | | | |
| ၇ | ကျေးရွာ၏ ကျန်းမာရေးကဏ္ဍ တိုးတက်လာစေရန် ဆောင်ရွက်ခြင်း။ | | | | | | |
| ၈ | ပို့ဆောင်ရေး အခြေခံ အဆောက်အဦ များ တိုးတက်လာစေရေး။ | | | | | | |
| ၉ | ကျေးရွာ၏ လူငယ်များ ဖွံ့ဖြိုးတိုးတက် လာစေရေး။ | | | | | | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုကျေးရွာလူထုကဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာကျေးရွာတွင်တာဝန်ရှိပါသည်။

### (၁၀-၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကိုအထိရောက်ဆုံး အကောင်အထည် ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေး ရွာလူထု၏တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များ ခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည်ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေး ကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ် လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

### (၁၀-၂) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များကဖွံ့ဖြိုးရေးစီမံကိန်းများအကောင် အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်းအခြား သော ဖွံ့ဖြိုးရေးမိတ် ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မ တတ်နိုင်သောအကူအညီများရယူဆောင် ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေး သင်ကြားမှု အရည်အသွေး တိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်းအထောက်အကူပြုလမ်းအဆင့်မြှင့် တင်ရန်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်ဆောက်

လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများ ရယူရပါမည်။

**(၁၀-၃) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ**

စီမံကိန်းလုပ်ငန်းများ၏ အသေးစိပ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့ အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီးလုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီကတာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနကတာဝန်ယူ ပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထား သောကော်မတီ ကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်း ဆောင်ရွက်ပါမည်။

**၁၀.၄ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ**

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ်များထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့် ပစ္စည်းများ၏ ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သောစည်းကမ်းများသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အားတာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင် ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

## ၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ် စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက် ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင် ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည် ဖော်သောနည်းလမ်းကိုလက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ ကိုကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်းများတည်ဆောက်ပါမည်။

### (၁၁-၁) ကြီးကြပ်စစ်ဆေးခြင်း (Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်; ဆိုင်ရာတိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု(financial progress) တို့ကိုစနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကိုကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသောအဖွဲ့အသီးသီး၊ ကော်မတီ အသီးသီး တို့က မိမိတို့ တာဝန်ကျရာကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက် အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံသတင်း အချက်အလက် များပေါ်မူတည်၍ တိုးတက်မှုကိုတိုင်းတာသည့် အညွှန်းကိန်း (indicator)ကိုတည်ဆောက်ရ ပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၄င်းတို့၏ ကြီးကြပ်စစ် ဆေးတွေ့ရှိမှု အစီရင်ခံစာ(monitoring report)ကိုရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက် ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကိုကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ် စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

**(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု ( Physical progress)**

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့် သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

**(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု (Financial progress)**

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သောအရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံ ပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကို အဓိကထားဖော်ပြပါမည်။ ၄င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမ ယင်းအခြေခံသတင်းအချက်အလက်များပေါ်မူတည်၍ တိုးတက်မှုကိုတိုင်းတာသည့် အညွှန်းကိန်း (indicator)ကိုတည်ဆောက်ရ ပါမည်။

## (၁၁-၂ ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံ ရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ် ချက်မှာ ကျွန်ုပ်တို့ ဆောင်ရွက်သောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများ ကို အောက်ပါ အဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်းဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာ အဖွဲ့အစည်း များ (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေး အဖွဲ့ အစည်းများ စသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင် သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သောအခွင့်အလမ်းကိုလည်းရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

နောက်ဆက်တွဲ (၁)

**ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ**

**(၁)　ကျေးရွာလူမှုစီးပွားရေး အခြေအနေ**

**(က)　လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

**ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁၀ | ၁၂ | ၂ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၂၀ | ၃၆ | ၁၈ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၇၆ | ၉၀ | ၂၀ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၁၀၅ | ၁၂၅ | ၂၆ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အ ရွယ် | ၅၇၇ | ၇၂၆ | ၂၈၂ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၃၅ | ၁၄ | ၁၇ |
| စုစုပေါင်း | | ၈၂၃ | ၁၀၀၃ | ၃၆၅ |
| စုစုပေါင်း အိမ်ထောင်စု | | ၁၁၅ | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။**ကျီးလူး**ကျေးရွာရှိ လူဦးရေစစ်တမ်းများကောက်ယူမှုအရ ကျောင်းသား(၄၆)ဦး၊အလုပ်လုပ်ကိုင်နိုင်သူဦးရေ (၂၈၂)ဦးရှိပြီး ကျေးရွာ၏ ပညာရေး၊ စီးပွားရေး၊ လူမှုရေးများအတွက် လမ်း၊တံတား၊ဖွံ့ဖြိုးရေးလမ်းများ ကောင်းမွန်ရန် လိုအပ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ခ)　အလုပ်လုပ်နိုင်သူ အင်အား**

**(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

**ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစု ဝင်လုပ်အား | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃၄ | ၄၀ | ၄၉ | မြင့်☐လတ်☐ နိမ့်✓ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြား ဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစု ဝင်လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | ၃၂ | - | ၅၁ | မြင့်☐လတ်☐ နိမ့်✓ |
| ၂ | တိရစ္ဆာန် မွေးမြူရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၅ | ၅ | ၂၀ | မြင့်☐လတ်☐နိမ့်✓ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၄ | သစ်တောလုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | | | | | |
| ၅ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၆ | ထုတ်ကုန်လုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်ì |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်ì |
| ၇ | လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်ì |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်ì |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြား ဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစု ဝင် လုပ်အား | | |
| ၈ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၃ | | မြင့်☐လတ်☐နိမ့်✓ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၉ | ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်ì |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်ì |
| ၁၀ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်ì |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်ì |
| ၁၁ | လက်လီ- လက်ကား ရောင်းဝယ်ရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်ì |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်ì |
| ၁၂ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်ì |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်ì |
| ၁၃ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | - | ၁ | မြင့်☐လတ်☐နိမ့်✓ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြား ဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစု ဝင် လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၄ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်၊ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်၊ |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်၊ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်၊ |
| ၁၆ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်၊ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်၊ |
| ၁၇ | ပညာရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်၊ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်၊ |
| ၁၈ | ကျန်းမာရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်၊ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်၊ |
| ၁၉ | လူမှုရေး လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်၊နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်၊နိမ့်☐ |
| ၂၀ | အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | ☒ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစု ဝင်လုပ်အား | | |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၄၅ | ၂၅ | | |
| ၂၁ | ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၃ | - | | မြင့်☐လတ်☐နိမ့်✓ |
| | စုစုပေါင်း | ၁၃၂ | ၇၃ | ၁၂၁ | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။

။ 'အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ' အရေအတွက်တွင် 'မိသားစုဝင်လုပ်အား' ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ 'ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)' ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူ များအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ -'စိုက်ပျိုးရေး' ကဏ္ဍ ၏ 'ကိုယ်ပိုင်လုပ်ငန်း'တွင် ရပ်တည်နိုင်မှု 'မြင့်' ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။လှည်းကူးကျေးရွာရှိ လူဦးရေစစ်တမ်းများ ကောက်ယူမှုအရ လယ်ယာစိုက်ပျိုးရေးလုပ်ကိုင်သူ (၄၉)ဦး၊ ကျပန်းလုပ်သား(၄၅)ဦး ရှိသည်ကိုလေ့လာတွေ့ရှိရပြီး ကျေးရွာတွင်းကုန်ထုတ်လုပ်မှုများလုပ်သားအင်အား ပေါများသည်ကို တွေ့ရှိရပါသည်။ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးများဖွံ့ဖြိုးလာပါက ကုန်ထုတ်လုပ်မှုများ ကောင်းမွန်လာမည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| လယ်မြေ | ၁၃၅ | ကောင်း ☐ သင့် ✓ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | | ကောင်း ☐ သင့် ✓ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | | ကောင်း ☐ သင့် ✓ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | | ကောင်း ☐ သင့် ✓ ညံ့ ☐ |
| ဓနိတောမြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| စားကျက်မြေ | | ကောင်း ☐ သင့် ✓ ညံ့ ☐ |
| မြေလွတ် မြေလပ် | | ကောင်း ☐ သင့် ✓ ညံ့ ☐ |
| စုစုပေါင်း | ၁၃၅ | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်း အမျိုးမျိုး ကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူ ရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် လယ်မြေ(၁၃၅) ဧကနှင့်ယာမြေ မြေဆီလွှာ အရည်အသွေး အသင့်အတင့်ရှိကြောင်း လေ့လာတွေ့ရှိရပြီး ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးများ ဖွံ့ဖြိုးကောင်းမွန်လာပါက ကျေးရွာ၏ လယ်မြေစိုက်ပျိုးရေးတွင် လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းလာနိုင်ပြီး ကျေးရွာ၏စိုက်ပျိုးနိုင်သော မြေဧရိယာများကို တိုးချဲ့လာနိုင်မည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

**ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | များ ☐ သင့် ☐ နည်း ☐ မရှိ ✓ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ✓ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ ☐ သင့် ☐ နည်း ☐ မရှိ ✓ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ✓ |

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့်☐ နည်း ✓ မရှိ ☐ | လွယ် ☐ ခက်✓ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့်☐ နည်း ✓ မရှိ ☐ | ☒ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာ ပတ်ဝန်းကျင်တွင်သတ္တဝါနှင့် အခြားတွင်းထွက်သယံ ဇာတများမရှိသည့်အတွက်ကြောင့် ငွေကြေးများဖြင့် ဝယ်ယူအသုံးပြုရပါသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

**ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ**

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | **အဆင်ပြေ သော အိမ်ထောင်စု** | **အလယ်အလတ် ရှိ သော အိမ်ထောင်စု** | **မပြေလည် သော အိမ်ထောင်စု** | **အလွန်မပြေ လည် သော အိမ်ထောင်စု** |
| မြေယာပိုင်ဆိုင်မှု | နည်း | အသင့်အတင့် | များ | များ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၃၀ | ၅၀ | ၃၀ | ၅ |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ဓနဥစ္စာ အဆင့်အတန်းမှာ အဆင်ပြေသော အိမ်ထောင်စု(၃၀)စုရှိပါသည်။အလယ်အလတ် အိမ်ထောင်စု (၅၀)စု ၊ မပြေလည်သော အိမ်ထောင်စု (၃၀)စု၊ အလွန်မပြေလည်သော အိမ်ထောင်စု(၅)စု ရှိပါသည်။သို့ဖြစ်ပါ၍ ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် ကိုယ်ထူကိုယ်ထ လုပ်ဆောင်နိုင်မှု မရှိ၍ အခက်အခဲများ စွာရှိကြောင်း တွေ့ရှိရ

ပါသည်။

(င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် ☐ လတ် ☐ နိမ့်☐✓ မရှိ ☐ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် ☐ လတ် ☐ နိမ့်✓ မရှိ ☐ |
| ၃ | ရေကြီးခြင်း | မြင့် ☐ လတ် ✓ နိမ့်☐ မရှိ ☐ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၆ | မုန်တိုင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၇ | ငလျင် | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၈ | မီးဘေး | မြင့် ☐ လတ် ☐ နိမ့်✓ မရှိ ☐ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☐ လတ် ☐ နိမ့်✓ မရှိ ☐ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐ လတ် ☐ နိမ့်✓ မရှိ ☐ |
| ၁၃ | တီဘီရောဂါ | မြင့် ☐ လတ် ☐ နိမ့်✓ မရှိ ☐ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မြင့် ☐ လတ် ☐ နိမ့်✓ မရှိ ☐ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင့် ☐ လတ် ☐ နိမ့်✓ မရှိ ☐ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ စားနပ်ရိက္ခာမဖူလုံမှုမှာ နိမ့်သော အခြေအနေတွင်ရှိပြီးစိုက်ပျိုးမြေ၊စိုက်ပျိုးရေးတွင်အလယ်အလတ်ရှိခြင်း၊သဘာဝဘေးအန္တရာယ်ကျရောက်မှုမှာ အလွန် နည်းပါးခြင်း ရောဂါကူးစက်မှု၊ကျရောက်မှုများတွင် နည်းပါးခြင်းများကြောင့် ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေမှာ (နိမ့်)သော အဆင့်သာရှိကြောင်း လေ့လာတွေ့ ရှိရပါ သည်။

(င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် ✓ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် ☐ လတ် ☐ နိမ့်✓ မရှိ ☐ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် ✓ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူ များ (IDP) | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ✓ |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | မြင့် ✓ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် ☐ လတ် ☐ နိမ့်✓ မရှိ ☐ |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၅ | ဆေးစွဲသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူ များ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | မြင့် ☐ လတ် ☐ နိမ့်✓ မရှိ ☐ |
| ၁၈ | နေရပ်ပြန် အခြေချသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့်✓ မရှိ ☐ |
| ၂၀ | ကားမောင်းပြီး အသက်မွေးသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။လှည်းကူးကျေးရွာတွင်ဆင်းရဲသောလူငယ်များနှင့် ၊အမျိုးသမီးဦးဆောင်သော

အိမ်ထောင်စုများသည်ဆင်းရဲနွမ်းပါးသောကြောင့် လွယ်လွယ်ကူကူ ထိခိုက်သက်ရောက်မှု အန္တရာယ်ဖြစ်နိုင်ပါသည်။

**(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**

**(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ**

**(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ**

**ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | ပရဟိတ | ၁✓ ၂☐ ၃☐ | ၂၀ | ၄၅ | ၆၅ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ✓<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ✓<br>သင့် ☐<br>ညံ့ ☐ |
| ၂ | ဝတ်အသင်း | ၁✓ ၂☐ ၃☐ | ၂၀ | ၆၆ | ၈၆ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး☐စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ✓<br>ညံ့ ☐ |
| ၃ | | ၁☐ ၂☐ ၃☐ | | | | ပညာရေး ☐ ငွေကြေး ì<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ |
| ၄ | | ၁☐၂☐ ၃☐ | | | | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ |
| ၅ | တီ | ၁✓ ၂☐ ၃☐ | | | | ပညာရေး ☐ ငွေကြေး ì | ကောင်း |

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာ တစ်ခုကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
